# ကုမ္ပဏီများသို့အသိပေးကြေညာခြင်း

၁။ စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီအဖြစ်ဖွဲ့စည်းမှတ်ပုံတင်ရန်တင်ပြလာသော ကုမ္ပဏီများကို မှတ်ပုံတင်အရာရှိအနေဖြင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရန် ခွင့်ပြုပေးလျက်ရှိပါသည်။

၂။ ကုမ္ပဏီများဖွဲ့စည်းတည်ထောင်ပြီးနောက် လုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းများအလိုက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ခွင့်ပြုချက်ရယူရန်လိုအပ်ပါက ခွင့်ပြုချက်ရယူပြီး လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပါသည်။(ဥပမာ- ပုဂ္ဂလိကဆေးရုံ လုပ်ငန်းဆောင်ရွက်လိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်၊ ဘဏ်လုပ်ငန်းဆောင်ရွက်လိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုပါက ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် စသဖြင့် တောင်းခံရယူဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မှတ်ပုံတင်ခြင်းနှင့် လုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းများ အလိုက် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် ရယူရန်လိုအပ်သော ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ခွင့်ပြုချက် ရရှိပြီးမှသာ လုပ်ငန်းဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန